အကြောင်းအရာ။ ငွေလွင်ပြင် ကုမ္ပဏီလီမိတက် မှ ရာခိုင်နှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဖြင့် ဟိုတယ်နှင့် အပန်းဖြေစခန်းများ တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုလျှောက်ထားလွှာတင်ပြလာခြင်းကိစ္စ

<table>
<tr><td>၁။</td><td>ကုမ္ပဏီအမည်<br>ရင်းနှီးမြှုပ်နှံသူ<br>ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဍာန်<br>လုပ်ငန်းအမျိုးအစား</td><td>-ငွေလွင်ပြင် ကုမ္ပဏီလီမိတက်<br>- ဦးဇော်သန်းဦး<br>- ရာခိုင်နှုန်းပြည့်နိုင်ငံသားရင်းနှီးမြှုပ်နှံမှု<br>- ဟိုတယ်နှင့်အပန်းဖြေစခန်းများတည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်း</td></tr>
<tr><td>၂။</td><td>တည်နေရာ</td><td>- ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၉၈၉ ပြင်၊ ဦးပိုင်အမှတ် N-၁၂ (၇.၂၉) ဧက (ဥယျာဉ်)</td></tr>
<tr><td>၃။</td><td>မြေပိုင်ရှင်<br>အကျယ်အဝန်း<br>မြေ/အဆောက်အအုံငှားရမ်းခ<br>မြေ/အဆောက်အအုံငှားရမ်း/<br>အသုံးပြုခွင့်သက်တမ်း</td><td>- ဦးဇော်သန်းဦး<br>- မြေဧရိယာ ၇.၂၉ ဧက<br>- -<br>- -</td></tr>
<tr><td>၄။</td><td>ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်သက်တမ်း</td><td>- ကနဦးနှစ် ၅၀ (သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်)</td></tr>
<tr><td>၅။</td><td>တည်ဆောက်မှုကာလ/ပြင်ဆင်မှုကာလ</td><td>- ၁ နှစ်</td></tr>
<tr><td>၆။</td><td>စုစုပေါင်းမတည်ငွေရင်းပမာဏ ထည့်ဝင်သည့်အမျိုးအစား<br>(က)ပြည်တွင်းမှထည့်ဝင်သည့်မတည်ငွေရင်းပမာဏ/ရာခိုင်နှုန်း<br>(ခ)နိုင်ငံခြားမှယူဆောင်လာမည့်မတည်ငွေရင်းပမာဏ/ရာခိုင်နှုန်း<br>**စုစုပေါင်း**</td><td><table>
<tr><th>US$</th><th>ကျပ်(သန်း)</th><th>ရာခိုင်နှုန်း</th></tr>
<tr><td>-</td><td>၁၁၄၉.၈၉</td><td>၁၀၀%</td></tr>
<tr><td>-</td><td>-</td><td>-</td></tr>
<tr><td>-</td><td>၁၁၄၉.၈၉</td><td>-</td></tr>
</table></td></tr>
<tr><td>၇။</td><td>အခြားတင်ပြချက်</td><td>(က) လုပ်ငန်းဆောင်ရွက်မည့်မြေနေရာနှင့်စပ်လျဉ်း၍ လယ်ယာမြေအခြားနည်းအသုံးပြုခွင့်ပုံစံ(၁၅-က)၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် သင်းဖွဲ့စည်းမျဉ်းသင်းဖွဲ့မှတ်တမ်းတို့ကို ပူးတွဲတင်ပြထားပါသည်။<br>(ခ) ဝန်ထမ်းခန့်ထားမည့် အစီအစဉ်နှင့် လုပ်ခလစာကို တစ်ဖက်ပါ အတိုင်း တင်ပြထားပါသည်-</td></tr>
</table>

| | | |
|---|---|---|
| | | **စုစုပေါင်း ၅၇ ဦး**<br>ပြည်တွင်း- ၅၇ ဦး (တစ်လလျှင် ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာကျပ် ၁၅၀,၀၀၀၊ အမြင့်ဆုံးလစာမှာ ကျပ် ၁၀၀၀,၀၀၀ ဖြစ်ပါသည်။)<br>ပြည်ပ - ခန့်ထားခြင်းမရှိပါ။ |
| ၈။ | **စိစစ်တင်ပြချက်** | (က) အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်ကြောင်း စိစစ်ရပါသည်။<br>(ခ) အဆိုပြုလုပ်ငန်း ဆောင်ရွက်မည့်မြေ ၇.၂၉ ဧကသည် လယ်ယာမြေအခြားနည်း အသုံးပြုခွင့်ပုံစံ(၁၅-က) ရရှိထားပြီးဖြစ်ကြောင်းစိစစ်ရပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
စာအမှတ်---------
ရက်စွဲ---------

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ**

စာအမှတ်၊ ဧရက/အ-၀၁၈/ဟိုတယ်/၂၀၁၈( ၁၂၅ )

ရက်စွဲ ၊ ၂၀၁၈ခုနှစ် ဧပြီ လ ၂၅ ရက်

**ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့**

**တင်ပြသည့်အမှာစာ**

အကြောင်းအရာ။ **ငွေလွင်ပြင် ကုမ္ပဏီလီမိတက် မှ ရာခိုင်နှုန်းပြည့် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဟိုတယ်နှင့်အပန်းဖြေစခန်းများ တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းကိစ္စ**

၁။ ငွေလွင်ပြင် ကုမ္ပဏီလီမိတက် မှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၉၈၉ ပြင်၊ ဦးပိုင်အမှတ် N-၁၂ (၇.၂၉) ဧကတွင် ရာခိုင်နှုန်းပြည့် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဟိုတယ်နှင့်အပန်းဖြေစခန်းများ တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းအားမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီဆောင်ရွက်ခွင့်ပြုပါရန် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလာပါသည်။

၂။ လုပ်ငန်းဆောင်ရွက်မည့် မြေနေရာနှင့်စပ်လျဉ်း၍ လယ်ယာမြေအခြားနည်း အသုံးပြုခွင့် ပုံစံ(၁၅-က)၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် သင်းဖွဲ့စည်းမျဉ်းသင်းဖွဲ့မှတ်တမ်းတို့ကို ပူးတွဲ တင်ပြထားပါသည်။

၃။ လုပ်ငန်း သက်တမ်းကာလမှာ ကနဦးနှစ် ၅၀ ဖြစ်ပြီးသက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ် ဆောင်ရွက်မည်ဖြစ်ပါသည်။ တည်ဆောက်ရေးကာလမှာ ၃ နှစ် ဖြစ်ကြောင်း တင်ပြထားပါသည်။

၄။ လုပ်ငန်း၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ကျပ်သန်း ၁၁၄၉.၈၉ ဖြစ်၍ အောက်ပါအတိုင်း ထည့်ဝင် မည်ဖြစ်ပါသည်-

| **ရင်းနှီးမြှုပ်နှံမှုပမာဏ** | ကျပ်(သန်းပေါင်း) |
|---|---|
| ပြည်တွင်းမှထည့်ဝင်သည့်မတည်ငွေရင်းပမာဏ | ၁၁၄၉.၈၉ |
| နိုင်ငံခြားမှယူဆောင်လာမည့်မတည်ငွေရင်းပမာဏ | - |
| **စုစုပေါင်း** | **၁၁၄၉.၈၉** |

၅။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်းဝန်ထမ်းဦးရေ(၅၇)ဦး ခန့်ထားမည်ဖြစ်ပြီး ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၅၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၁၀၀၀,၀၀၀ နှင့် ပြည်ပဝန်ထမ်း ခန့်အပ်ထားခြင်း မရှိကြောင်းတင်ပြထားပါသည်။

၆။ အဆိုပြုလုပ်ငန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ်ချက် များပြန်ကြားထားပါသည်-

(က) **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့** သဘောထားမှတ်ချက် တောင်းခံထားပါသည်။

(ခ) **ရောဝတီတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ** ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့်သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန် မှတ်ချက်ပြုထားပါသည်။

၇။ ငွေလွင်ပြင် ကုမ္ပဏီလီမိတက်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာရေး အစီအစဉ်၊လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာ ချောင်ချိရေးစီမံဆောင်ရွက်မည့် အစီအစဉ်နှင့် CSR အစီအစဉ်များကို တင်ပြထားပါ သည်။

၈။ **စိစစ်တင်ပြချက်**

(က) အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်ကြောင်း စိစစ်ရပါ သည်။

(ခ) အဆိုပြုလုပ်ငန်း ဆောင်ရွက်မည့်မြေ ၇.၂၉ ဧကသည် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ပုံစံ(၁၅-က) ရရှိထားပြီးဖြစ်ကြောင်းစိစစ်ရပါသည်။

**ဆုံးဖြတ်ရန်အချက်**

၉။ ငွေလွင်ပြင် ကုမ္ပဏီလီမိတက်၏ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာကျေးရွာအုပ်စု၊ကွင်းအမှတ် ၁၉၈၉ပြင်၊ဦးပိုင်အမှတ် N-၁၂ (၇.၂၉) ဧက တွင် ရာခိုင်နှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဟိုတယ်နှင့်အပန်းဖြေစခန်းများတည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုရန် သဘောတူ-မတူ။

25/4/2018

ဥက္ကဋ္ဌ( )

(စိုးအောင်၊ အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ

လျှို့ဝှက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ဧရာဝတီတိုင်းဒေသကြီး**

စာအမှတ်၊ ၄၀၀/ ၄ - ၈ ( ၃ )/အစိုးရ(ဧရာဝတီ)(၁၀/၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ (၁၀.၃.၂၀၁၈)ရက်စွဲပါစာအမှတ်၊ ဧရက/အ-၀၁၈(ဟိုတယ်)/ရင်း(၃)/၂၀၁၇ (၁၉၆)

၁။ ငွေလွှင်ပြင်ကုမ္ပဏီလီမိတက်မှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၉၈၉ ပြင်၊ ဦးပိုင်အမှတ် N-၁၂ (၇.၂၉)ဧက (၃ယာ၃ဉ်)တွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဟိုတယ်နှင့်အပန်းဖြေစခန်းများ တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလာမှုအပေါ် အဆုံးအဖြတ်ပြုပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြလာပါသည်။

၂။ အထက်ပါကိစ္စနှင့်ပတ်သက်၍(၂၆.၄.၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၈)တွင် တင်ပြဆွေးနွေးခဲ့ရာဆုံးဖြတ်ချက် (၉) အရ အောက်ပါအတိုင်းသဘောတူဆုံးဖြတ်ခဲ့ပါသဖြင့် သိရှိလိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည် -

(က) ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ(ARIC)မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်၊

(ခ) စည်ပင်သာယာရေးအဖွဲ့မှ အဆောက်အဦများ ကြီးကြပ်ခြင်း၊ အခွန်ဝင်ငွေများရရှိခြင်းအလို့ငှာ စည်ပင်သာယာနယ်နိမိတ်အဖြစ် သတ်မှတ်နိုင်ရေး တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ဆက်လက်ဆောင်ရွက်သွားရန်၊

(ဂ) စည်ပင်သာယာရေးအဖွဲ့၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် အုပ်ချုပ်ရေးဌာနများအနေဖြင့် နောင်တွင် အဆောက်အဦဆောက်လုပ်ခြင်းများနှင့်ပတ်သက်၍ လျှောက်ထားလာမှုများအပေါ် မိမိဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများမရှိ၍ စိစစ်ခွင့်ပြုနိုင်ခြင်းမရှိပါက လုပ်ငန်းမဆောင်ရွက်မီ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကြိုတင် တင်ပြသွားရန်၊

ဝန်ကြီးချုပ် ( ကိုယ်စား )
( ဒွေးဝင်း ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး )

လျှို့ဝှက်

ဖြန့်ဝေခြင်း -
အုပ်ချုပ်ရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့
ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပုသိမ်မြို့
ခရိုင်ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးဦးစီးဌာန၊ ပုသိမ်မြို့
တိုင်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့
အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့
တိုင်းဦးစီးမှူး၊ ဧရာဝတီတိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပုသိမ်မြို့

မိတ္တူကို
အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့
အုပ်ချုပ်ရေးမှူး၊ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ချောင်းသာမြို့
လှည့်လည်စာတွဲ
ရုံးလက်ခံ